CHINA · YUNNAN
HEADLINE
16 - 22 May, 2019 Vol.113
Yunnan Daily Press Group
ရန်ကုန်တိုင်းမ် THE YANGON TIMES
A

ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်

# ဒုတိယအကြိမ် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးဖိုရမ်ကို ပေကျင်းမြို့တွင် ကျင်းပ



မေလ ၂၆ ရက်တွင် တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတ ရှီကျင့်ဖျင်သည် ပေကျင်းအမျိုးသားအစည်းအဝေးစင်တာ၌ ကျင်းပသည့် ဒုတိယအကြိမ် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးဖိုရမ်ဖွင့်ပွဲကို တက်ရောက်ခဲ့သည်။ "'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ကောင်းမွန်သာယာသောအနာဂတ်ကို အတူဖန်တီးရန် တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ခြင်း" ခေါင်းစဉ်ဖြင့် မိန့်ခွန်းပြောကြားခဲ့သည်။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'မှ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အရေးအသစ်များကို သယ်ဆောင်ပေးလာပြီး တရုတ်နိုင်ငံ တံခါးဖွင့်လှစ်သော တိုးတက်မှုအတွက် လမ်းကြောင်းသစ်တည်ဆောက်ပေးနိုင်ခဲ့သည်ဟု လေးနက်စွာ ပြောဆိုခဲ့သည်။

တရုတ်နိုင်ငံသည် အရေးပါသော တံခါးဖွင့် ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်ချက်များကို အဆက်တွဲ လုပ်ဆောင်မည်ဖြစ်ပြီး ပြင်ပသို့ အဆင့်ပိုမြင့်သော တံခါးဖွင့်လှစ်မှုကို တွန်းတင်လုပ်ဆောင်မည်ဟု သမ္မတရှီကျင့်ဖျင်က ကြေညာခဲ့သည်။ ကျွန်တော်တို့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစျေးကွက် ဝင်ရောက်မှုကို ပိုမိုတိုးချဲ့ပြီး အသိဉာဏ်မူပိုင် ထိန်းသိမ်းကာကွယ်ရေး နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကို အင်တိုက်အားတိုက်လုပ်ဆောင်ကာ ပိုမိုကျယ်ပြန့် ပိုမိုကြီးမားသော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုသွင်းကုန်ကို လုပ်ဆောင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာအကြီးစား စီးပွားရေးပေါ်လစီညှိနှိုင်းမှုကို ပိုမိုထိရောက်စွာ လုပ်ဆောင်ပြီး ပြင်ပသို့ တံခါးဖွင့်သည့် ပေါ်လစီကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ပိုမိုဂရုတစိုက် လုပ်ဆောင်မည်ဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ဆက်လက် ပြောကြားသည်။

'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်ကို အတူတည်ဆောက်သည့် ရည်ရွယ်ချက်မှာ အပြန်အလှန် ချိတ်ဆက်မှုကို စုစည်းလိုခြင်းဖြစ်သည်။ အကောင်အထည်ဖော်လုပ်ဆောင်မှုများကို နက်ရှိုင်းလိုခြင်းဖြစ်သည်။ လူသားများ တွေ့ကြုံရသည့် စွန့်စားမှုစိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ပြီး အကျိုးတူအောင်မြင်မှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်မြောက်လိုခြင်းဖြစ်သည်။ အဖက်ဖက်၏ ကြိုးပမ်းမှုအောက်မှ ပထမကြိမ် ထိပ်သီးဖိုရမ်၏ ရလဒ်အသီးသီးမှာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၁၅၀ ကျော်သည် တရုတ်နိုင်ငံနှင့် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'ကို အတူတည်ဆောက်ခြင်းသည် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်း သမိုင်းရေစီးကြောင်းနှင့် ကိုက်ညီခြင်း၊ ကမ္ဘာ့ထိန်းချုပ်မှုစနစ်ကို ပြောင်းလဲသော ခေတ်တောင်းဆိုချက်နှင့် ကိုက်ညီခြင်း၊ နိုင်ငံအသီးသီးမှပြည်သူများအား ပိုမိုကောင်းမွန်သော လူနေမှုပုံစံသို့ ရောက်ရှိစေမည့် လိုလားချက်နှင့် ကိုက်ညီခြင်းရှိသည်ဟု သမ္မတ ရှီကျင့်ဖျင်က တင်ပြခဲ့သည်။ အနာဂတ်ကို မျှော်မှန်းရာတွင် ကျွန်တော်တို့သည် အလေးထားချက်ကို စုဝေးပြီး ကြိုးပမ်းလုပ်ဆောင်၍ အသေးစိတ် တိကျသော 'ပန်းချီကားချပ်'ကို အတူရေးဆွဲကာ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ဆောက်လုပ်ရေးကို ပိုမိုအဆင့်မြင့်သည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းအလိုက် ရှေ့ဆက်လုပ်ဆောင်သွားမည်ဖြစ်သည်။ ကျွန်တော်တို့သည် 'အတူဆောက်လုပ်ခြင်း၊ အတူညှိနှိုင်းခြင်း၊ အတူခံစားခြင်း'ဟူသော မူဝါဒဖြင့် ဘက်ပေါင်းစုံဝါဒကို ကျင့်သုံးပြီး နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခြင်း၊ သုံးဖက်ဆိုင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ခြင်း စသည့် ပုံစံအမျိုးမျိုးဖြင့် စုစည်းလုပ်ဆောင်သွားမည်ဖြစ်သည်။ ကျွန်တော်တို့သည် 'တံခါးဖွင့်လှစ်မှု၊ မြစိမ်းရောင်၊ သန့်ရှင်းမှု' ဟူသော အတွေးအခေါ်ကို ခိုင်မာအောင် လုပ်ဆောင်ရမည်။ သူတပါးကို ပိတ်ပင်သောအပြုအမူမလုပ်ဘဲ မြစိမ်းရောင်အခြေခံအဆောက်အအုံ ဆောက်လုပ်ရေး၊ မြစိမ်းရောင်ရင်းနှီးမြှုပ်နှံမှု၊ မြစိမ်းရောင် ငွေကြေးစီးပွားရေးကို တွန်းတင်ပြီး ပူးပေါင်းဆောင်ရွက်မှုအားလုံးကို နေရောင်ခြည်အောက်တွင် ပွင့်လင်းစွာ လုပ်ဆောင်မည်ဖြစ်သည်။ အဖက်ဖက်မှ တည်တံ့ခိုင်မြဲသော ပိုးထည်လမ်းမကို တည်ဆောက်ရန် မျှော်လင့်ပါသည်။ ကျွန်တော်တို့သည် စံနှုန်းမြင့်သော၊ ပြည်သူအကျိုးပေးသော၊ ဆက်လက်လုပ်ဆောင်နိုင်သောပန်းတိုင်ကို ဖြစ်မြောက်အောင် ကြိုးပမ်းရမည်။ အဖက်ဖက်မှ ထောက်ပံ့သော နည်းစနစ်စံနှုန်းဖြင့် နိုင်ငံတကာ တရားဥပဒေ စည်းမျဉ်းစည်းကမ်းများကို လေးစားပြီး ပြည်သူကိုမူတည်သော ဖွံ့ဖြိုးတိုးတက်ရေး အတွေးအခေါ်ကို လုပ်ဆောင်မည်။ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်ရေး၊ ပြည်သူနေထိုင်မှု ကောင်းမွန်ရေးအပေါ် စုဝေးပြီး 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ၏ ရလဒ်ကို အများပြည်သူများအတွက် ပိုမိုကောင်းမွန်လာစေရမည်ဖြစ်သည်။ ထို့အတူ စီးပွားရေးနှင့် ဘဏ္ဍာရေးအပေါ် ဆက်လက်လုပ်ဆောင်နိုင်ရန်လည်း အာမခံချက်ရှိရမည်ဖြစ်သည်။

စာမျက်နှာ( B )သို့

ပွဲတင်သံနံရံ

# "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်"သည် "အကြွေးထောင်ချောက်" မဟုတ်ဘဲ ပြည်သူအကျိုးပေးသည့် "မုန့်"ဖြစ်သည်

ယခုရက်ပိုင်း အမေရိကန်နိုင်ငံမှ အချို့သော နိုင်ငံရေးသမားများက ထုတ်ပြန်သည့် တရုတ်နိုင်ငံမှ 'အကြွေးထောင်ချောက်'ချခြင်း၊ လုပ်ငန်းများဖြင့် သူလျှိုလှုပ်ရှားမှုလုပ်ဆောင်နေခြင်း စသည့်စကားများ ထွက်ပေါ်လာခဲ့ရာ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကိန်စွမ်းက ပုံမှန်သတင်းစာ ရှင်းလင်းပွဲတွင် ပြန်လည်ချေပရာ လိမ်ညာစကားများ မည်သို့အကြိမ်ပေါင်းများစွာ ထပ်ခါတလဲလဲ ပြောဆိုခဲ့လည်း လိမ်ညာစကားပင်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဒေသနှင့် နိုင်ငံအကြွေးအတွင်းမှ တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုစီမံချက် အကြွေးအချိုးအစားသည် အလွန်နည်းပါးကြောင်း၊ မည်သည့်နိုင်ငံကမျှ တရုတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သည်နှင့် 'အကြွေးထောင်ချောက်' အတွင်းသို့ ရောက်ရှိမည် မဟုတ်ပါကြောင်း ကိန်စွမ်းက ပြောကြားသည်။ တရုတ်နိုင်ငံသည် တရုတ်နိုင်ငံလုပ်ငန်းများ နိုင်ငံခြားတွင် လုပ်ငန်းလုပ်ဆောင်ရာတွင် ဒေသခံ၏ တရားဥပဒေများကို လိုက်နာရန် အမြဲတောင်းဆိုခဲ့ပါသည်။ အမေရိကန်မှ အချို့သောအာဏာပိုင်များသည် နိုင်ငံရေးလိုလားမှုကြောင့်ဖြစ်စေ၊ နည်းလမ်းပေါင်းစုံဖြင့် တရုတ်နိုင်ငံလုပ်ငန်းများကို နှိမ်နင်းနေသည်။ 'တရုတ်သည် လုပ်ငန်းများဖြင့် သူလျှိုလှုပ်ရှားမှု လုပ်ဆောင်နေသည်'ဟူသော အဆိုများကို လုပ်ကြံဖြန့်လွှင့်လျက်ရှိနေပါသည်။

ဧပြီလ ၁၉ ရက်က တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီ ပါတီကော်မတီအဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဝမ်ရီသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကျင်းပသော ပြည်တွင်းပြည်ပ မီဒီယာပွဲပေါ်တွင် ပြောကြားသွားသည်မှာ- နိုင်ငံတကာလူမှုရေးအသိုင်းအဝိုင်းသည် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်အပေါ် သိကျွမ်းနားလည်မှုနှင့် သုံးသပ်မှုများသည် စစ်မှန်သောလုပ်ဆောင်ချက်များဖြင့် စကားပြောဆိုပါရန် သူက ပြောကြားခဲ့သည်။ နိုင်ငံ ၁၂၆ ခုနှင့် နိုင်ငံတကာအဖွဲ့အစည်း ၂၉ ခုသည် တရုတ်နိုင်ငံနှင့် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'ပူးပေါင်းဆောင်ရွက်ရေးစာချုပ်များကို ချုပ်ဆိုကြသည်။ အားလုံးသည် လှုပ်ရှားမှုဖြင့် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'အပေါ် ယုံကြည်မှုအမှတ်၊ ထောက်ခံအမှတ်များ ပေးခဲ့ပါသည်။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက် ထုတ်ပြန်ရာ (၆)နှစ်တာအတွင်း တရုတ်နိုင်ငံနှင့် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အတူဆောက်လုပ်သည့် နိုင်ငံများနှင့် ကုန်သွယ်ရေး စုစုပေါင်းပမာဏမှာ ဘီလီယံပေါင်း အမေရိကန်ဒေါ်လာ ၆၀၀၀၊ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၈၀ ဘီလီယံကျော် ရှိခဲ့သည်။ တရုတ်နိုင်ငံသည် လမ်းတစ်လျှောက်နိုင်ငံများနှင့်အတူ ပြည်ပပူးပေါင်းဆောင်ရွက်ရေးခြံဇုန် ၈၂ ခုကို အတူဆောက်လုပ်ပြီး ဒေသခံအတွက် သုံးသိန်းခန့်ရှိသော အလုပ်အကိုင် အခွင့်အရေးရာထူးများကို ဖန်တီးနိုင်ခဲ့ပါသည်။ နိုင်ငံများအတွက် ပြည့်ဝသော ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အရေးကို သယ်ဆောင်ပေးခဲ့သည်။ 'အကြွေးထောင်ချောက်'စသည့် မဟုတ်မမှန်သောစကားများကို လုပ်ဆောင်နေသည့် နိုင်ငံများက လုံးဝသဘောတူမည်မဟုတ်ပေ။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'သည် ဖွင့်လှစ်သော စင်မြင့်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံမဆို ပါဝင်နိုင်သည့် လွတ်လပ်ခွင့်ရှိကြောင်း၊ အခြားနိုင်ငံများပါဝင်သည်ကို တားဆီးပိတ်ပင်ခွင့် မရှိပါကြောင်း ဝန်ကြီးဝမ်ရီက ပြောကြားသွားပါသည်။

**အထွေထွေသတင်း**

## စာဖတ်သူများထံသို့ပေးစာ


**လေးစားအပ်ပါသော စာဖတ်သူများ –**

'**CHINA·YUNNAN**' သတင်းအပေါ် အားပေးမှုကို အထူးကျေးဇူးတင်ပါသည်။ လူကြီးမင်းထံ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'သတင်းဝန်ဆောင်မှုကို ပိုမိုကောင်းမွန်စွာပေးနိုင်ရန် အကြံပြုချက်များကို တောင်းဆိုအပ်ပါသည်။ အကြံပြုချက်များမှာ သင်သည် ဤသတင်းဖြင့် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'၏မည်သည့်အပိုင်းမှ သတင်းများကို လိုလားသနည်း။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'ကို သတင်းတင်ပြရာတွင် မည်သည့် ပြုပြင် ရမည့်နေရာများ ရှိနေသနည်း။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'ကော်လံမှ သက်ဆိုင်ရာသတင်းများ ပိုမိုတန်ဖိုးရှိအောင် မည်သို့လုပ်ဆောင်သင့်သနည်း။ ဆွဲဆောင်မှုအားပိုမိုရှိအောင် မည်သို့လုပ်ရစေသနည်း။ သို့မဟုတ် အခြားသက်ဆိုင်ရာမေးခွန်းနှင့် အကြောင်းအရာများကိုလည်း တင်ပြပေးပါ။ အကြံပြုချက်များကို မေးလ် 385604437@qq.com အတွင်းသို့ ပို့ပေးပါရန် အထူးပင်ကျေးဇူးတင်ရှိပါသည်။

**'CHINA·YUNNAN'သတင်းအယ်ဒီတာဌာန**

စာမျက်နှာ( A )မှ

# ဒုတိယအကြိမ် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ထိပ်သီးဖိုရမ်ကို ပေကျင်းမြို့တွင် ကျင်းပ



သမ္မတရှီကျင့်ဖျင်က အလေးပေးပြောကြားသွားသည်မှာ - 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'ကို အတူတည်ဆောက်ရာတွင် အပြန်အလှန်ချိတ်ဆက်ခြင်းသည် အဓိကကျနေပါကြောင်း၊ ကျွန်တော်တို့အနေနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ အပြန်အလှန်ချိတ်ဆက်ခြင်း မိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်သင့်ကာ အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေနှင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကာ အာရှ-ဥရောပ ကုန်းမြေပေါင်းကူးတံတားသစ်စသည့် စီးပွားရေးစင်္ကြံတည်ဆောက်ရေးမှာ ဦးဆောင်နေမည်ဖြစ်ကြောင်း၊ တရုတ်-ဥရောပ ရထားလမ်း၊ ကုန်းမြေပင်လယ် လမ်းကြောင်းသစ် စသည့်လမ်းကြောင်းသစ်နှင့် အချက်အလက်အရှိန်မြင့်လမ်းကြောင်းတို့ကို ဘောင်အဖြစ်ထားရှိ၍ ရထားလမ်း၊ ဆိပ်ကမ်း၊ ပိုက်လိုင်းကွန်ရက်စသည်တို့ဖြင့် အမှီပြုသော အပြန်အလှန်ချိတ်ဆက်မှုကွန်ရက်တို့ကို တည်ဆောက်ကြမည်ဖြစ်ကြောင်း၊ ကျွန်တော်တို့အနေနှင့် ဘက်စုံနှင့် နိုင်ငံအသီးသီးတို့မှ ရင်းနှီးမြှုပ်နှံမှုဌာနများအား 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' တည်ဆောက်ရေးမှာ ရင်းနှီးမြှုပ်နှံမှုပါဝင်ဆောင်ရွက်စေလိုပါကြောင်း၊ ဘက်ပေါင်းစုံပါဝင်မှုဖြင့် အားလုံးအကျိုးတူဖြစ်ခြင်းဟူသည့်ပန်းတိုင်ကို အကောင်အထည်ဖော်ဆောင်လိုပါကြောင်း၊ ကျွန်တော်တို့အနေနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွတ်လပ်ခြင်းအဆင်ပြေခြင်းကို တိုးမြှင့်ပေးစေလိုကြောင်း၊ မိမိကိုယ်ကာကွယ်ရေးဝါဒကို ပြတ်ပြတ်သားသား ဆန့်ကျင်ပါကြောင်း၊ စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းကို ပိုမိုပွင့်လင်းမှု၊ အလုံးစုံပါဝင်မှု၊ အကျိုးဖြစ်မှု၊ ဟန်ချက်ညီမှု၊ အကျိုးတူဖြစ်မှု စသည့်လားရာဘက်မှာ ဖွံ့ဖြိုးတိုးတက်စေလိုပါကြောင်း၊ တရုတ်နိုင်ငံအနေနှင့် ယခုနှစ်မှာ ဒုတိယအကြိမ် တရုတ် နိုင်ငံတကာ သွင်းကုန် ကုန်စည်ပြပွဲကိုကျင်းပကာ ဘက်ပေါင်းစုံ တရုတ်နိုင်ငံ ဈေးကွက်အတွင်းသို့ ဝင်ရောက်နိုင်မည့် ပိုမိုကျယ်ပြန့်သည့်ပလက်ဖောင်းကို တည်ဆောက်ပေးမည်ဖြစ်ပါကြောင်း၊ ကျွန်တော်တို့အနေနှင့် စတုတ္ထအကြိမ်မြောက်စက်မှုတော်လှန်ရေး ဖွံ့ဖြိုးတိုးတက်မှုအလားအလာကို လိုက်လျောညီထွေမှု ရှိရမည်ဖြစ်ကြောင်း၊ အသစ်ဖြစ်သော တိုးတက်မှုစွမ်းအားသစ်နှင့် ဖွံ့ဖြိုးမှုလမ်းကြောင်းကို ရှာဖွေရမည်ဖြစ်ကြောင်း၊ ဒီဂျစ်တယ်ပိုးလမ်းမကြီး၊ စွန့်ဦးတီထွင်ပိုးလမ်းမကြီး စသည်တို့ကို တည်ဆောက်ကြကာ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' သိပ္ပံနည်းပညာတီထွင်မှုစီမံကိန်းတို့ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ကျွန်တော်တို့အနေနှင့် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ခြင်းကို အားစိုက်တိုးမြှင့်ဆောင်ရွက်ကာ ဖွံ့ဖြိုးဆဲနိုင်ငံများအား ဖွံ့ဖြိုးတိုးတက်သည့်အခွင့်အလမ်းများအတွက် ပိုမိုကျယ်ပြန့်သောဟင်းလင်းပြင်များကို ဖန်တီးတည်ဆောက်ပေးမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအား ဆင်းရဲနွမ်းပါးမှုပပျောက်ရေးကို ကူညီပေးကာ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ကျွန်တော်တို့အနေနှင့် မတူသော ယဉ်ကျေးမှုအကြား အပြန်အလှန် အတုယူလေ့လာရေးပေါင်းကူးတံတားကိုတည်ဆောက်ပေးကာ ကမ္ဘာ့အသီးသီးမှာ လူ့ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးကို အကောင်အထည်ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ဘက်စုံအပြန်အလှန် ကူးလူးဆက်ဆံသည့် ယဉ်ကျေးမှုနှီးနှော ဖလှယ်နိုင်မည့် အနေအထားကို ရောက်ရှိစေမည်ဖြစ်ပါကြောင်း စသည်ဖြင့် အကျယ်တဝင့်ပြောကြားသွားပါသည်။

'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖိုရမ်သည် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' မူဘောင်အတွင်း အဆင့်အတန်းအမြင့်ဆုံးသော နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ပလက်ဖောင်းဖြစ်ပါသည်။ ယခုအကြိမ်ဖိုရမ်၏ ပင်မခေါင်းစဉ်မှာ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်ကို အတူတည်ဆောက်ခြင်း၊ သာယာဝပြောသော အနာဂတ်ကိုဖန်တီးခြင်း'ဟူ၍ ဖြစ်ပါသည်။ နိုင်ငံပေါင်း ၁၅၀ နှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၉၀ ကျော်မှ နိုင်ငံခြားဧည့်သည်တော်ပေါင်း ၅၀၀၀ ကျော် ၎င်းဖိုရမ်သို့ ပါဝင်တက်ရောက်ခဲ့ပါသည်။

**ဆင်ဟွာသတင်းမှထုတ်နုတ်ထားသည်။**

# ယူနန်သည် စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင်ကို ကောင်းမွန်အောင် တိုးမြှင့်ဖန်တီး

ယခုရက်ပိုင်း ယူနန်ပြည်နယ်အစိုးရပါတီကော်မတီရုံး၊ ပြည်နယ်ပြည်သူ့အစိုးရရုံးတို့မှ ဧပြီ ၁၇ ရက်တွင် ထုတ်ပြန်ကြေညာသော 'စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင်ကို ကောင်းမွန်အောင် တိုးမြှင့်ဖန်တီးရန် အကြံပြုချက်အချို့(အောက်တွင် 'အကြံပြုချက်အချို့'ဟု အတိုချုံးခေါ်ဆိုမည်)နှင့် 'ယူနန်ပြည်နယ်စီးပွားလုပ်ကိုင်မှု ပတ်ဝန်းကျင်မြှင့်တင်ခြင်း လုပ်ဆောင်ချက် ၁၀ ခု (အောက်တွင် 'လုပ်ဆောင်ချက် ၁၀ ခု'ဟု အတိုချုံးခေါ်ဆိုမည်) စသည်တို့နှင့်ပတ်သက်ပြီး သတင်းစာရှင်းလင်းပွဲနှင့် အဓိပ္ပာယ်ရှင်းလင်းပွဲကို လုပ်ဆောင်ခဲ့ရာ လူမှုရေးအသိုင်းအဝိုင်း၏ ဂရုစိုက်မှုကို ယူနန်ပြည်နယ် ပြည်သူ့အစိုးရသည် ပြန်လည်တုံ့ပြန်လိုက်ပါတော့သည်။

ယူနန်ပြည်နယ်ပါတီကော်မတီ၊ ယူနန်ပြည်နယ်ပြည်သူ့အစိုးရတို့သည် စီးပွားရေးလုပ်ကိုင်မှု ပတ်ဝန်းကျင်စီမံခန့်ခွဲမှုလုပ်ငန်းကို အထူးအလေးပေးထားပါသည်။ ၂၀၁၉ ခုနှစ်ကို 'စီးပွားရေးလုပ်ကိုင်မှု ပတ်ဝန်းကျင်မြှင့်တင်သောနှစ်'ဟု သတ်မှတ်လိုက်ကာ 'အကြံပြုချက်အချို့'နှင့် 'လုပ်ဆောင်ချက် ၁၀ ခု'ကို သုတေသနပြု မူကြမ်းရေးဆွဲနိုင်ခဲ့ပါသည်။

'အကြံပြုချက်အချို့'တွင် ကဏ္ဍရှစ်ခုအတွက် လုပ်ထုံးလုပ်နည်း အချက် ၃၀ ကို တင်ပြထားသည်။ ပထမအချက်မှာ-သဘာဝနည်းလမ်းမကျသည့် ကန့်သတ်ချက်များကို ပယ်ဖျက်ကာ တရားနည်းလမ်းကျသည့် ဈေးကွက်ယှဉ်ပြိုင်မှု ပတ်ဝန်းကျင်ကို ဖန်တီးတည်ဆောက်မည်ဖြစ်သည်။ ဒုတိယအချက်မှာ-စိစစ်ခွင့်ပြုချက်ပေးသည့် ဝန်ဆောင်မှုအရည်အသွေးကို ဆက်လက်မြှင့်တင်ကာ အလုပ်လုပ်သည့် အကျိုးသက်ရောက်မှုနှုန်းကို မြှင့်တင်မည်ဖြစ်သည်။ တတိယအချက်မှာ- လုပ်ငန်းများ၏ အခွန်အခဝန်ထုပ်ဝန်ပိုးကို တစ်ဆင့်တက်ပြီး လျှော့နည်းစေမည်ဖြစ်ရာ လုပ်ငန်း၏ကုန်ထုတ်လုပ်မှု အရင်းအနှီးကို လျှော့ကျစေမည်ဖြစ်သည်။ စတုတ္ထအချက်မှာ- လုပ်ငန်း၏အာရုံစူးစိုက်မှုကို ဂရုစိုက်ပြီး အရေးပါအချက်အာမခံချက်ပေးခြင်းကို တိုးမြှင့်ပေးမည်ဖြစ်သည်။ ပဉ္စမအချက်မှာ- လုပ်ငန်းအတွင်းနှင့်ပြီးစီးချိန် ကြီးကြပ်ရေးကို စည်းစနစ်ကျ တိုးမြှင့်ပေးကာ လူမှုအသိုင်းအဝိုင်း၏ ကောင်းမွန်သောစည်းကမ်းကို ထိန်းသိမ်းထားရမည်ဖြစ်သည်။ ဆဋ္ဌမအချက်မှာ- မူပိုင်ခွင့်ကို ကာကွယ်ထိန်းသိမ်းကာ လုပ်ငန်းသစ် တီထွင်ဖန်တီးခြင်းအတွက် ကောင်းမွန်သော ပတ်ဝန်းကျင်ကို ဖန်တီးတည်ဆောက်မည်ဖြစ်သည်။ သတ္တမအချက်မှာ- ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များနှင့် ကုန်သွယ်ရေးကို လွယ်ကူအဆင်ပြေစေရမည်ဖြစ်ကာ ပြည်ပသို့ တံခါးဖွင့်ပေးမှုကို အာမခံချက်ပေးရမည်ဖြစ်သည်။ အဋ္ဌမအချက်မှာ- အဖွဲ့အစည်းခေါင်းဆောင်မှုအပိုင်းကို မြှင့်တင်ကာ ကောင်းမွန်သည့် ပတ်ဝန်းကျင်ကို တည်ဆောက်မည်ဖြစ်သည်။

'လုပ်ဆောင်ချက် ၁၀ ခု'တွင် ကဏ္ဍ ၁၀ ခုအတွက် အချက် ၄၆ ချက် ပါဝင်သည်။ ယင်းတို့မှာ- အစိုးရဝန်ဆောင်မှု 'စာရင်းရှင်းတမ်းခြောက်ခု'လုပ်ဆောင်ချက်၊ 'စီမံဝန်ဆောင်မှု' ပြုပြင်ပြောင်းလဲရေးဆိုင်ရာ'(၁)(၆)ခု' မြှင့်တင်ရေးလုပ်ဆောင်ချက်၊ အာမခံလုပ်ငန်းနေရာအဆင့်အတန်း'တန်းတူရည်တူ (၅)ချက်'လုပ်ဆောင်မှု၊ လုပ်ငန်းရေလျှပ်စစ်ဓာတ်ငွေ့၏ သွယ်တန်းမှု၊ အခွန်ဆောင်မှုနှင့် မရွှေ့မပြောင်းနိုင်ပိုင်ဆိုင်မှုများ မှတ်ပုံတင်ခြင်းဆိုင်ရာ'အားသာချက် (၅)ရပ်' လုပ်ဆောင်ချက်၊ ရင်းနှီးမြှုပ်နှံမှုကုန်သွယ်ရေး 'အရှိန်မြှင့်တင်ခြင်း (၅)ရပ်' လုပ်ဆောင်ချက်၊ လုပ်ငန်းဝန်ဆောင်မှုအားသာချက်ဆိုင်ရာ 'သုည(၄)ခု' လုပ်ဆောင်ချက်၊ လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ'ပွင့်လင်းမြင်သာချက်(၄)ရပ်' လုပ်ဆောင်ချက်၊ လုပ်ငန်းအခွင့်အရေးကို ထိန်းသိမ်းပေးသည့် 'အဆင်ပြေမှု(၄)ရပ်' လုပ်ဆောင်ချက်၊ လုပ်ငန်းအတွင်း လုပ်ငန်းပြီးစီးခြင်းဆိုင်ရာ 'ကြီးကြပ်မှု (၄)ရပ်' လုပ်ဆောင်ချက်၊ ပေါ်လစီကို အကောင်အထည်ဖော်ဆောင်သည့် 'စနစ်(၃)ရပ်' လုပ်ဆောင်ချက် စသည်တို့ပါဝင်သည်။ အကြောင်းအရာအားလုံးသည် စီးပွားရေးလုပ်ကိုင်မှု ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍတစ်ခုချင်းစီ ပါဝင်ပါသည်။ စာရင်းဇယားပုံစံဖြင့် လုပ်ဆောင်ချက်အကြောင်းအရာနှင့် တာဝန်ယူမည့်ဌာနများကို အသေးစိတ်ဖော်ပြထားပါသည်။

**ကျူတန်း၊ တွမ့်ရှောင်ရွှေ**

ကုန်သွယ်ရေးညှိနှိုင်းပွဲ

# ၂၀၁၉ ခုနှစ် ကုန်သွယ်ရေးညှိနှိုင်းပွဲကို ဇွန်လမှာ ကူမင်းမြို့တွင် ကျင်းပမည်

သတင်းထောက်သည် ၂၀၁၉ ခုနှစ်တောင်အာရှ အရှေ့တောင်အာရှ ကုန်ပစ္စည်းကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှု ကုန်သွယ်ရေးညှိနှိုင်းပွဲ(အောက်တွင် ကုန်သွယ်ရေးညှိနှိုင်းပွဲဟု အတိုချုံးဖော်ပြမည်)အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးမှ အောက်ပါအတိုင်း သတင်းရရှိထားပါသည်။ လက်ရှိ ၂၀၁၉ ခုနှစ်ကုန်သွယ်ရေးညှိနှိုင်းပွဲ ပြင်ဆင်ရေးလုပ်ငန်းတို့မှာ အဆင်ပြေစွာ တွန်းပို့နေကြောင်း၊ လုပ်ငန်းကဏ္ဍအသီးသီးမှာ စနစ်တကျ ရှေ့သို့တွန်းပို့နေပါကြောင်း စသည်ဖြင့် သိရှိရပါသည်။

သတင်းအရ သိရှိထားသည်မှာ ဇွန်လ ၁၂ ရက်မှ ၁၈ ရက်အထိ 'တံခါးဖွင့်လှစ်သောရှေ့တန်းနေရာတွင် အတူစုဝေးခြင်း၊ အကျိုးကျယ်ကျယ်ပြန့်ပြန့်ပြုသောစင်တာ အတူတည်ဆောက်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို အတူမျှဝေခံစားခြင်း'ဟူသည့် ပင်မခေါင်းစဉ်ဖြင့် ကုန်သွယ်ရေးညှိနှိုင်းပွဲကို ကူမင်းမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ယခုအကြိမ် ကုန်သွယ်ရေးညှိနှိုင်းပွဲသည် ယူနန်ပြည်နယ်၏ တံခါးဖွင့်ရှေ့တန်းဖြာထွက်မှုစင်တာကို ဗဟိုပြုထားသည့်အလေးပေးထုတ်ကုန်ရှစ်မျိုးနှင့် ကမ္ဘာ့ပထမတန်းစား ဖဲသုံးချပ်အခင်းအကျင်းဖြင့် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ တောင်အာရှပြခန်းနှစ်ခု၊ အရှေ့တောင်အာရှပြခန်းနှစ်ခု၊ ပြည်ပပြခန်း၊ ထိုင်ဝမ်ပြခန်း၊ ပြည်တွင်းပြခန်း၊ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ရင်းနှီးမြှုပ်နှံပူးပေါင်းဆောင်ရွက်မှုပြခန်း၊ ဇီဝဆေးဝါးပြခန်းနှင့် ကျန်းမာရေးပြခန်း၊ မြစိမ်းရောင်အစားအစာပြခန်း၊ မြစိမ်းရောင်စွမ်းအင်ပြခန်း၊ ယဉ်ကျေးမှုခရီးသွားပြခန်း၊ လျှပ်စစ်ယန္တရားပြခန်း၊ လက်ဖက်ခြောက်နှင့်အခွံမာသီးပြခန်း၊ အစားအစာ လူနေမှုဘဝပြခန်း၊ သစ်ယဉ်ကျေးမှုပြခန်း၊ ဖွင့်ပွဲအခမ်းအနားခန်းမ စသည့် ပြခန်းပေါင်း ၁၇ ခု ထားရှိမည်ဖြစ်ကြောင်း၊ ပြခန်းမျက်နှာပြင် ၁ ဒသမ ၇ သိန်း စတုရန်းမီတာ၊ စံချိန်မီပြခန်းနေရာပေါင်း ၇၅၀၀ ရှိပါကြောင်း၊ ပြခန်း ၁၇ ခုအတွင်း 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ရင်းနှီးမြှုပ်နှံပူးပေါင်းဆောင်ရွက်မှုပြခန်း၊ မြစိမ်းရောင်စွမ်းအင်ပြခန်း၊ လက်ဖက်ခြောက်နှင့် အခွံမာသီးပြခန်း စသည်တို့မှာ ပထမဆုံးအကြိမ် ခင်းကျင်းပြသခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ ပြခန်းသချာပေါက်ပါဝင်သော လုပ်ငန်းများနှင့် မျက်နှာပြင်ဧရိယာတို့မှာ ပြခန်းစုစုပေါင်း မျက်နှာပြင်ဧရိယာ၏ ၆၀ ရာခိုင်နှုန်းအထိ ရောက်ရှိနေပြီဖြစ်ကြောင်း စသည်ဖြင့် သတင်းရရှိထားပါသည်။



ယခုအကြိမ် ကုန်သွယ်ရေးညှိနှိုင်းပွဲ ပွဲတော်ရက်အတွင်းတွင် ကျင်းပမည့် လှုပ်ရှားမှုပေါင်း ၁၄ မျိုး ရှိနေပါသည်။ ယင်းတို့မှာ- ဒုတိယ အကြိမ် တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်၊ (၁၄)ကြိမ်မြောက် တရုတ်-တောင်အာရှ စီးပွားရေးဖိုရမ်၊ တတိယအကြိမ်မြောက် တရုတ်-အရှေ့တောင်အာရှ စီးပွားရေးဖိုရမ်၊ (၁၁)ကြိမ်မြောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသခွဲ စီးပွားရေးစင်္ကြံလှုပ်ရှားမှု သီတင်းပတ်စသည့် လှုပ်ရှားမှုများ ပါဝင်ကျင်းပကြောင်း သိရပါသည်။

**ဟန်ရှိန်ယွမ် ၊ ရှုံယန့်**

ခရီးသွားလာရေး

# ယူနန်ပြည်နယ်အနောက်ပိုင်းဒေသ ခရီးသွားလမ်းကြောင်း အားသွန်ခွန်စိုက်တည်ဆောက်

ယခုရက်ပိုင်းတွင် စီမံကိန်းလမ်းညွှန်ခိုင်မာစွာ ရေးဆွဲခြင်း၊ ပိုမိုကောင်းမွန်သော ဒီဇိုင်းများ ရေးဆွဲခြင်း၊ ကူးသန်းသွားလာရေး အခြေခံအဆောက်အအုံဆောက်လုပ်ရေးများ မြှင့်တင်ခြင်း၊ ခရီးသွားလုပ်ငန်း အထွေထွေဝန်ဆောင်မှုစနစ်များကို ပြည့်စုံအောင် လုပ်ဆောင်ခြင်း၊ ယူနန်ပြည်နယ် အနောက်ပိုင်းဒေသ ခရီးသွားလမ်းကြောင်းကို ပိုမိုလျင်မြန်စွာ ဆောက်လုပ်ပြီး ကမ္ဘာပေါ်တွင် တစ်ခုတည်းသော ခရီးသွားအပန်းဖြေနေရာအဖြစ် တည်ဆောက်မည်ဟု ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး ယွမ်ချိန်ဖားက ယူနန်ပြည်နယ် အနောက်ပိုင်းဒေသ ခရီးသွားလမ်းကြောင်း ဆောက်လုပ်ရေးသုတေသနဆိုင်ရာ အစည်းအဝေးတွင် အလေးပေးပြောဆိုခဲ့ပါသည်။




ပြည်နယ်အုပ်ချုပ်ရေးမှူး ယွမ်ချိန်ဖားက ပြောကြားသွားသည်မှာ ယူနန်ပြည်နယ် အနောက်ပိုင်းဒေသများ၏ ဘူမိဗေဒထူးခြားချက်များမှာ သိသာထင်ရှားလျက်ရှိနေပြီး သဘာဝရှုခင်းပေါ်များသည်။ ဇီဝမျိုးကွဲ ပေါ များကာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုမှာ ထင်ရှားသည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလားအလာ ကောင်းမွန်သည်။ နှစ်ပေါင်းများစွာ ဖွံ့ဖြိုးတိုးတက်ပြီး ရရှိသော အောင်မြင်မှုရလဒ်ကြောင့် ယခုချိန်တွင် စံတင်လောက်သော ခရီးသွားလမ်းကြောင်းများနှင့် နာမည်ကြီးရှုခင်းသာများ ပါဝင်ပေါင်းစပ်ထားသော အရေးပါသော ခရီးသွားနယ်မြေဖြစ်နေပြီဖြစ်သည်။

'တယ်ချင့်-ရှန်ဂရီလာ-လီကျမ်း-တာလီ-ပေါင်ရှမ်း-ရွှေလီ-ထိန်ချုံး-လူရွှေ-ကုံ့ရှမ်း-တယ့်ချင်'ဟူသည့် ယူနန်ပြည်နယ် အနောက်ပိုင်းဒေသ ခရီးသွားလမ်းကြောင်းမှာ ယူနန်ပြည်နယ် အနောက်ပိုင်းဒေသ၏ ပေါကြွယ်ဝသော တောင်တန်းချိုင့်ဝှမ်းများ၊ နှင်းတောင်မြက်ခင်းများ၊ ရှေးဟောင်းမြို့၏ရသများ၊ တိုင်းရင်းသားယဉ်ကျေးမှုများ စသည့် တမူထူးခြားသော ခရီးသွားအရင်းအမြစ်များကို ချိတ်ဆက်ပေးနိုင်ခဲ့သည်။ ယူနန်ပြည်နယ် အနောက်ပိုင်းဒေသ ခရီးသွားလာရေးကို မြှင့်တင်ခြင်းဖြင့် လူသွားလာနှုန်း၊ ကုန်စည်ပို့ဆောင်မှု၊ ငွေကြေးစီးဆင်းသွားလာမှု၊ သတင်းအချက်အလက် စီးဆင်းသွားလာမှု စသည့် စီးပွားရေးအချက်များ စီးဆင်းသွားလာနိုင်ပြီး ခရီးသွားလာရေး၊ ယဉ်ကျေးမှု၊ သိပ္ပံနည်းပညာ၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး စသည့်လုပ်ဆောင်ချက်မျိုးစုံပေါင်းစည်းကာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းကိန်းအကျိုးသက်ရောက်မှုများ ရှိစေနိုင်ခဲ့ပါသည်။ စိမ်းစိုနေသော ရေမြေတောတောင်တန်းများကို ရွှေတောင်ငွေတောင် အဖြစ် ပြောင်းလဲခြင်းဖြင့် ယူနန်ပြည်နယ် အနောက်ပိုင်းဒေသ နယ်စပ်တောင်တန်းဒေသများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်စေနိုင်မည်ဖြစ်သည်။ ယူနန်ပြည်နယ် အနောက်ပိုင်းဒေသ နယ်စပ်တောင်တန်းဒေသများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးပင် အရေးပါနေပါတော့သည်။

**လီရှောက်မင်၊ ချိန်ရှောင်ပေါ**

သဘာဝထိန်းသိမ်းရေးနယ်မြေ

# ဝူလျန်တောင်ဖြတ်ကျော်ကာ လူနှင့်သဘာဝ၏ အံ့သြဖွယ်ပုံပြင်ကိုပြောပြ



**အယ်ဒီတာအညွှန်း–** မေ ၉ ရက် ယူနန်နေ့စဉ်သတင်းစာအဖွဲ့နှင့် ယူနန်ပြည်နယ် သစ်တောလုပ်ငန်းနှင့် မြက်ခင်းဗျူရို အတူပူးတွဲလုပ်ဆောင်သော 'လှပသောယူနန်-သဘာဝထိန်းသိမ်းရေးနယ်မြေ' ကျင်တုံ့ဝူလျန်တောင်၊ အိုက်လောက်တောင် အကြီးစား မီဒီယာသတင်းယူ အင်တာဗျူးကို ကျင်တုံ့ရှိ တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်တွင် စတင်ကျင်းပခဲ့သည်။ ယခုအကြိမ် သတင်းယူ အင်တာဗျူးမှာ အဆိုပါခရိုင်မှ ဇီဝဗေဒမျိုးကွဲများကို အဖက်ဖက်မှ တင်ဆက်သွားမည်ဖြစ်သည်။ 'စိမ်းစိုသော ရေမြေတောင်တန်းများမှာ ရွှေတောင်ငွေတောင်'ပင်ဖြစ်သော ခံယူချက်စွမ်းအားကို သိရှိနားလည်စေနိုင်မည်ဖြစ်သည်။

ကျင်တုံခရိုင်သည် ယူနန်ပြည်နယ် အနောက်တောင်ပိုင်း ဖူအောမြို့တွင် တည်ရှိသည်။ တရုတ်နိုင်ငံ၏ နိုင်ငံတော်အဆင့် သဘာဝထိန်းသိမ်းရေးဇုန်နှစ်ခုရှိသော အရေအတွက်မများသော ခရိုင်လည်းဖြစ်သည်။ ၎င်းသဘာဝထိန်းသိမ်းရေးဇုန်မှာ ဝူလျန့်တောင် နိုင်ငံတော်အဆင့် သဘာဝထိန်းသိမ်းရေးဇုန်နှင့် အိုက်လောက်တောင် နိုင်ငံတော်အဆင့် သဘာဝထိန်းသိမ်းရေးဇုန်ဖြစ်သည်။ ကျင်တုံခရိုင်အတွင်းရှိ နိုင်ငံတော်အဆင့် သဘာဝထိန်းသိမ်းရေးဇုန်နှစ်ခု၏ ထိန်းသိမ်းခံရသောဧရိယာမှာ ၃၅၁၆၇ ဟတ်တာ (ဧက ၅၂ သောင်းဝန်းကျင်)ရှိပြီး ခရိုင်တစ်ခုလုံး၏ ၈ ရာခိုင်နှုန်း နေရာယူထားပါသည်။

ကျင်တုံခရိုင်သည် တရုတ်နိုင်ငံ ဇီဝဗေဒမျိုးကွဲ အများဆုံး၊ အထူးခြားဆုံး နယ်မြေတစ်ခုဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် ကျင်တုံခရိုင်ကို တရုတ်နိုင်ငံ၏ ပထမဆုံးသော 'ဇီဝဗေဒမျိုးကွဲများခြင်းနှင့် ဂေဟစနစ်ဝန်ဆောင်မှုခန့်မှန်းခြင်း(TEEB)နိုင်ငံတကာစီမံကိန်းမှ စံထားလောက်သော ခရိုင်ငါးခုအတွင်းမှ တစ်ခုအဖြစ် သတ်မှတ်ခြင်းခံရသည်။ ၂၀၁၆ ခုနှစ်မှာ ကျင်တုံခရိုင်သည် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်မှ ဇီဝဗေဒမျိုးကွဲများ ထိန်းသိမ်းရေး စံပြဖြစ်ရပ်မှန်အနေဖြင့် 'ဇီဝဗေဒမျိုးကွဲကွန်ဗင်းရှင်း' (၁၃)ကြိမ်မြောက်ပါတီအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်ခေါ်ခြင်းခံခဲ့ရပြီး ကျင်တုံခရိုင် ဂေဟစနစ်ဝန်ဆောင်မှုတန်ဖိုးမှာ နှစ်စဉ်တရုတ်ယွမ်ငွေ ၅၄ ဒသမ ၅၀၆ ဘီလီယံရှိသည်ဟု ၎င်းအစည်းအဝေးမှ ကြေညာခဲ့သည်။'



ကျင်တုံခရိုင်သည် 'တောရိုင်းတိရစ္ဆာန်မြို့'ဟု အမည်ရှိသော ခရိုင်လည်းဖြစ်သည်။ ကျင်တုံခရိုင်အတွင်းမှ ဝူလျန်တောင်တွင် အနက်ရောင်မျောက်လွှဲကျော် ခန့်မှန်းခြေ အကောင် ၈၀ နေထိုင်လျက်ရှိနေသည်။ တစ်ကမ္ဘာလုံးရှိ အနက်ရောင်မျောက်လွှဲကျော် အရေအတွက်၏ တစ်ဝက်ကျော်ပင်ရှိနေပါသည်။ ကျင်တုံ ဝူလျန်တောင်တွင် မီးခိုးရောင်မျောက် ၄၃ အုပ်စု၊ အကောင်ရေ ၂၀၀၀ နီးပါး နေထိုင်လျက်ရှိနေပါသည်။ တစ်ကမ္ဘာလုံးရှိ မီးခိုးရောင်မျောက်များ စုစည်းနေထိုင်သော အရေးပါသည့် ထိန်းသိမ်းဇုန်ဖြစ်သည်။ သို့ဖြစ်သောကြောင့် ကျင်တုံကို တရုတ်တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအသင်းက 'တရုတ်အနက်ရောင်မျောက်လွှဲကျော် ဇာတိမြေ'နှင့် 'တရုတ်မီးခိုးရောင်မျောက်ဇာတိမြေ'ဟု အမည်ပေးထားပါသည်။ **ယူနန်နေ့စဉ်သတင်းစာ**

ဓာတ်ပုံသတင်း

# ရိုးရာဓလေ့ထုံးစံ "ပျိုးပင်တံခါးဖွင့်ခြင်း" လုပ်ရှားမှုကို ခရီးသည်များအား ဆွဲဆောင်လျက်ရှိ



ယခုရက်ပိုင်းတွင် ဟုန်ဟောခရိုင်တွင် ၂၀၁၉ ခုနှစ် 'ပျိုးပင်များတံခါးဖွင့်ခြင်း' အကြီးစားရိုးရာဓလေ့ထုံးစံလှုပ်ရှားမှုပွဲတော်ကို ရှမာပိတ် လှေကားထစ်စိုက်ခင်းတွင် ကျင်းပခဲ့သည်။ နံနက် ၁၀ နာရီတွင် လှေကားထစ်စိုက်ခင်းပတ်ဝန်းကျင်တွင် လူအုပ်စုဖြင့် စည်ကားနေသည်။ 'ရှိရှိ'ဟူသော 'ပျိုးပင်ကြွေးကြော်သံ' စတင်အော်လာသည်နှင့်တစ်ပြိုင်တည်း ဟာနီလူမျိုးများသည် အုပ်စုလိုက် ကခုန်သီချင်းဆိုကြပါတော့သည်။ ရိုးရာအခမ်းအနားဖြင့် သဘာဝကြီးအား မြတ်နိုးလေးစားခြင်းကို ဖော်ပြနေသည်။ ယခုအကြိမ်လှုပ်ရှားမှုတွင် 'ပျိုးပင်တံခါးဖွင့်ခြင်း' အကြီးစား ရိုးရာဓလေ့ထုံးစံကို ခရီးသည်များထံ ပြသသည့်အပြင် လမ်းပွဲ၊ နွေဦးခေါ်ပုတ်၊ ဝါးရိုးနှီးများ၊ လက်ပန်းထိုး၊ ချည်ရက်ကန်း၊ အရက်ကင်ခြင်း စသည့် လက်မှုပညာများပါပြသနိုင်ခဲ့ပါသည်။ ခရီးသည်များအား ဟာနီတိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးစံများကို ခံစားမိစေပါသည်။

**ကျန်းထုံဝမ်တန်း**

ပေါက်ဖော်ချစ်ကြည်ရေး

# မန္တလေးဖွား တရုတ်လူမျိုး ဟောရှင် အမိမြေသို့ ပြန်လည်သွားရောက်




ဧပြီ ၁၄ ရက် ညနေပိုင်းတွင် ယူနန်ပြည်နယ် ထိန်ချုံမြို့ ဟောရှင်မြို့နယ် ပြည်သူ့အစိုးရရုံးအရှေ့က ညောင်ပင်ကြီးမှာ မိုးရေစိုပြီးနောက် ပို၍စိမ်းစိုနေသည်။ လေထုထဲတွင် ပျော်ရွှင်စရာအငွေ့အသက်များ ပျံ့နှံ့နေသည်။ မြန်မာနိုင်ငံ မန္တလေးမြို့မှ မြန်မာနိုင်ငံဖွား တရုတ်လူမျိုးများသည် သူတို့၏ ဇာတိမြေ ဟောရှင်မြို့နယ်သို့ လာရောက်လည်ပတ်ပြီး ‘အမိမြေလေ့လာရေးခရီး’စတင်ခဲ့ပါသည်။

“ကျွန်တော့်ဘိုးဘေးအိမ်မှာ ဟောရှင်မြို့နယ် တာရှိလမ်းကြား ဝမ်းလျိုကျိဝန်းကျင်တွင် ရှိသည်။ ပြီးခဲ့သောအခေါက် အမိမြေပြန်သည်မှာ ၁၉၈၀ နှောင်းပိုင်းနှစ်ဖြစ်ပြီး ယခုအကြိမ်မှာ ဒုတိယအကြိမ် ပြန်လာခြင်းဖြစ်သည်။ နှစ် ၃၀ ကာလအတွင်း ဇာတိမြေပြောင်းလဲမှုမှာ ယခုကဲ့သို့ကြီးမားလိမ့်မည်ဟု မထင်မှတ်ခဲ့ပေ။ ဟောရှင်နယ်သားတစ်ယောက်အနေဖြင့်လည်း အထူးဂုဏ်ယူဝမ်းသာမိပါတယ်”ဟု မြန်မာနိုင်ငံ မန္တလေးမြို့ ဟောရှင်လူငယ်အဖွဲ့အစည်း အဖွဲ့ခေါင်းဆောင် လီဟုန်ကွမ်းက စိတ်ခံစားချက်များစွာဖြင့် ပြောဆိုခဲ့သည်။ “ယခုအကြိမ် ကျွန်တော့်ဘိုးဘေးများနေခဲ့သော အမိမြေသို့ ပြန်လည်လာရောက်နိုင်သဖြင့် အထူးပင် ဝမ်းသာမိပါတယ်။ တကယ်လဲ ကျွန်တော့်အမေ ပြောပြခဲ့သော ရွာပုံသဏ္ဍာန်များနှင့် ယခုတွေ့မြင်နေသော မြင်ကွင်းများမှာ လုံးဝမတူတော့ပေ။ တရုတ်သမ္မတနိုင်ငံ တည်ထောင်ခဲ့ပြီး နှစ် ၇၀ အတွင်း ပြောင်းလဲမှုများမှာ ဟောရှင်မြို့နယ်တွင်လည်း တွေ့မြင်နေရပါတယ်” ဟု ပထမဆုံးအကြိမ် ရွာပြန်ခြင်းဖြစ်သော မြန်မာနိုင်ငံသား တရုတ်လူမျိုး ကျောက်တောဝမ့်က ပြောကြားခဲ့ပါသည်။

“ယခုအကြိမ် ‘အမိမြေလေ့လာရေးခရီး’ မှာ ဆွေမျိုးမိတ်ဆွေများကို လှည့်ပတ်ကြည့်ရှုသည့်အပြင် ဇာတိမြေ၏ ပြုပြင်ပြောင်းလဲမှုများကိုလည်း တွေ့မြင်နိုင်ခဲ့ပေသည်။ ကျေးရွာအစိုးရနှင့် ဖလှယ်ဆွေးနွေးခြင်းများ လုပ်ဆောင်ခဲ့ပါသေးသည်။ ကျွန်တော်တို့ကိုလည်း အကြံများပေးနိုင်ပြီး ဇာတိမြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ တတ်စွမ်းနိုင်သလောက် လုပ်ဆောင်ပေးချင်သည်။ ကျွန်တော်တို့လည်း ရွာမှဆွေမျိုးများကို မန္တလေးသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်သည်”ဟု တွေ့ဆုံဆွေးနွေးပွဲတွင် လီဟုန်ကွမ်းက ဖိတ်ခေါ်ခဲ့သည်။ လွန်ခဲ့သောနှစ်(၄၀)တွင် မန္တလးမြို့မှ ဟောရှင်နယ်သူနယ်သားများကို စုစည်းကာ မန္တလေးဟောရှင်အသင်း ဖွဲ့စည်းခဲ့သည်။ နှစ်စဉ်နှစ်တိုင်း၏ (၁)လပိုင်း ၁၂ ရက်တွင် အားလုံးစုကာ နှစ်စဉ် ပွဲကျင်းပဖြစ်ခဲ့သည်။ ပွဲတော်ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အမိမြေထံမည်သို့ကျေးဇူးဆပ်ရမည်နည်းပင် ဖြစ်ပါသည်။ ယခုနှစ်ပိုင်းတွင် မန္တလေးဟောရှင်အသင်းမှ အမိမြေ ဟောရှင်အတွက် ဟောရှင်မြို့နယ်ရှင်းဟုန်တံတားနံဘေးမှ ယွိကျိုးဇရပ် ဆောက်လုပ်ပေးခဲ့သည်။ ဟောရှင်ရိချွင်အလယ်တန်းကျောင်းအတွက် စာသင်ကျောင်းဆောင်ဆောက်လုပ်ပေးခဲ့သည်။ ‘ခေတ်အဆက်ဆက်မှ မန္တလေးဟောရှင်အသင်း တာဝန်ခံများသည် ဟောရှင်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအာရုံစူးစိုက်နေသည်”ဟု လီဟုန်ကွမ်းက မိတ်ဆက်ပြောကြားခဲ့ပါသည်။

‘အပြင်သွားပိုက်ဆံရှာ အမိမြေကျေးဇူးဆပ်’ဟူသောစကားမှာ ဟောရှင်နယ်သူနယ်သားများ၏ ဓလေ့ထုံးစံဖြစ်သည်။ ယခုနှစ်သည် တရုတ်သမ္မတနိုင်ငံ တည်ထောင်ပြီး နှစ်(၇၀)မြောက်ဖြစ်သည်။ မန္တလေးဟောရှင်လူငယ်အသင်းမှ အမိမြေလေ့လာရေးခရီးဖြစ်မြောက်ခဲ့ခြင်းမှာ နက်ရှိုင်းသောအဓိပ္ပာယ်ရှိပါသည်။ မြန်မာနိုင်ငံသား ဟောရှင်လူငယ်များလည်း မိမိ၏အမိမြေကို မမေ့ရန်နှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးအတွက် သံတမန်များ ဖြစ်စေလိုပါသည်။ အားလုံးကိုလည်း အမိမြေသို့ မကြာခဏ ပြန်လာကြည့်စေချင်ပါသည်’ဟု တွေ့ဆုံဆွေးနွေးပွဲ ပြီးဆုံးချိန်တွင် ဟောရှင်မြို့နယ် ပြည်သူ့အစိုးရပါတီအတွင်းရေးမှူး ဟွမ်တင့်ရှင်းက ဆုမွန်ကောင်းတောင်းခဲ့ပါသည်။

‘မြန်မာနိုင်ငံဖွား တရုတ်ဟောရှင်နယ်သားအနေဖြင့် ကျွန်တော်တို့သည်လည်း ‘ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်’ ဆောက်လုပ်ရေး၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ဆောက်လုပ်ရေးအတွက် အားထုတ်ကြိုးပမ်းခြင်းများ ဆောင်ရွက်ပေးလိုပါသည်’ ယခုအကြိမ် ‘အမိမြေလေ့လာရေးခရီး’တွင်ပါဝင်ခဲ့သော မန္တလေး ဟောရှင်လူငယ်များသည် တရုတ်-မြန်မာ ချစ်ကြည်ရေး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆုမွန်ကောင်းတောင်းခဲ့ကြပါသည်။

**သတင်းထောက်– ဂူဖျင်**

# ယူနန်ပြည်နယ်မှ ‘ခရီးသွားလာရေးအသိုင်းအဝိုင်း’ တိုးချဲ့

‘ယခုရက်ပိုင်းတွင် ကျွန်တော်တို့သည် မေလတွင် ကျင်းပမည့် ‘၂၀၁၉ ယူနန်အပြည်ပြည်ဆိုင်ရာ ခရီးသွားလာရေး စမတ်ခေါင်းစဉ်အစည်းအဝေး’အတွက် ကြိုးစားအားထုတ်လျက်ရှိနေသည်။ အဆိုပါအစည်းအဝေးသည် ယူနန်ပြည်နယ်ကို ကမ္ဘာအနှံ့မှ အာရုံစူးစိုက်မှုပေးနိုင်ပြီး ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အရေးများ ရရှိနိုင်ပါသည်။ ထို့မှတစ်ဆင့် ယူနန်ပြည်နယ် ‘ခရီးသွားအသိုင်းအဝိုင်း’များ တိုးချဲ့နိုင်သည်’ဟု တရုတ်ခရီးသွားလာရေးသုတေသန အကယ်ဒမီ ကူမင်းရုံးခွဲနှင့် ယူနန်ပြည်နယ် ခရီးသွားလာရေးလုပ်ငန်းစီမံကိန်း သုတေသန အင်စတီကျုမှ မုံရွှေက ပြောသည်။ ယခုနှစ်ပိုင်းတွင် တရုတ်နိုင်ငံ ယူနန်နှင့် အခြားသောနိုင်ငံများ ကူးသန်းသွားလာခြင်း များပြားလာခဲ့ပြီး နိုင်ငံတကာ‘အသိုင်းအဝိုင်း’များလည်း တိုးချဲ့များပြားနေသည်။

မတ်လ လလယ်မှ လကုန်အထိ စီနီယာ ခရီးသွားလာရေးလုပ်ငန်းစီစဉ်သူ၊ နာမည်ကျော် ခရီးသွားကျွမ်းကျင်သူများသည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၊ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၊ မြန်မာနိုင်ငံ ရန်ကုန်မြို့၊ မလေးရှားနိုင်ငံ ကူချင်နမ်မြို့၊ နီပေါနိုင်ငံ ပေါခလာမြို့ စသည့် မြို့ငါးမြို့သို့ သွားရောက်လေ့လာခဲ့ပြီး ခရီးသွားလာရေးဌာနများနှင့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်း၊ လူတော်မွေးမြူရေး၊ ခရီးသွားဧည့်သည်များ အပြန်အလှန်ပို့ဆောင်ရေး စသည့် အကြောင်းအရာများကို ဆွေးနွေးဖလှယ်ခဲ့ပြီး အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံအုတ်မြစ် တည်ဆောက်ခဲ့ပါသည်။

‘ပုံစံတူလှုပ်ရှားမှုများလည်း ရှိသည်။ လွန်ခဲ့သောနှစ်နှစ်ကုန်တွင် လန်ချန်မြစ်ဝှမ်းအထက်ပိုင်းမှ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်၊ ချင်းဟိုင်ပြည်နယ်နှင့် မြစ်ဝှမ်းအောက်ပိုင်းရှိ လာအို၊ ထိုင်း၊ မြန်မာ စသည့်နိုင်ငံ၏ ခရီးသွားမြို့များသို့ သွားရောက်လေ့လာရန် ပါရဂူများ၊ တက္ကသိုလ် ကောလိပ်၊ ခရီးသွားလုပ်ငန်းများနှင့် ကိုယ်စားလှယ်များဖြင့် အဖွဲ့အစည်းဖွဲ့စည်းခဲ့သည်’ ဟု မုံရွှေက ပြောကြားသည်။ လန်ချန် ခရီးသွားမြို့ ပူးပေါင်းဆောင်ရွက်မှု ယူနီယံလုပ်ငန်းမှာ ရှေ့သို့တိုးမြှင့်ဆောင်ရွက်ကြိုးပမ်းနေပြီး ယခုအကြိမ် လှုပ်ရှားမှုမှာ လန်ချန်ခရီးသွားမြို့ ပူးပေါင်းဆောင်ရွက်မှု ယူနီယံ၏ လုပ်ငန်းဆောင်တာအတွက် ရှေ့ဆောင်လမ်းပြဖြစ်စေမည့်အပြင် ယူနန်ပြည်နယ်နှင့် မိတ်ဟောင်းမိတ်သစ်များ ပူးပေါင်းဆောင်ရွက်ရေး အကျိုးစီးပွား မျှဝေရေးအတွက်လည်း အကျိုးပြုစေနိုင်ခဲ့ပါသည်။

အရှေ့တောင်အာရှမှ တောင်အာရှအထိ လန်ချန်မြစ်ဝှမ်း(မဲခေါင်မြစ်)တစ်လျှောက်ရှိ ခရီးသွားမြို့တော်များထံဖြစ်စေ၊ မလေးရှားနှင့်နီပေါ စသည့် ပိုမိုဝေးလံသောနိုင်ငံများသို့ လည်ပတ်လေ့လာသည့် ခရီးသွားနိုင်ငံအသီးသီးမှ ဌာနခေါင်းဆောင် တာဝန်ခံများသည် သုတေသနအဖွဲ့ဝင်များနှင့် ဆွေးနွေးကာ သဘောတူညီချက်များ ရရှိခဲ့ပါသည်။ ဖိုရမ်များ၊ ညှိနှိုင်းဖလှယ်ပွဲ၊ ယဉ်ကျေးမှုအနုပညာပွဲ စသည့်လှုပ်ရှားမှုများကျင်းပပြီး ဆက်သွယ်ရေးများနှင့် ဆွေးနွေးတိုင်ပင်ခြင်းများ ပြုလုပ်မည်ဖြစ်သည်။ တက္ကသိုလ်ကောလိပ်ကျောင်းနှင့် လုပ်ငန်းရှင်များကို အားကိုးပြီး မွမ်းမံသင်တန်းများ ဖွင့်လှစ်ကာ နိုင်ငံအသီးသီးအတွက် တရုတ်ဘာသာစကားတတ်ကျွမ်းသော ခရီးသွားလာရေးလူတော်များ မွေးထုတ်မည်ဖြစ်သည်။ လုပ်ငန်းရှင်များ၏ အာရုံစူးစိုက်မှုရယူပြီး ခရီးသွားထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ကာ တိကျသောစီမံကိန်းများနှင့် အမှတ်တံဆိပ်များ လုပ်ဆောင်ခြင်းပင်ဖြစ်သည်။

**လီဟိန်ချန် ၊ ရှုံရင်နိမ်**

